# နှုတ်ခွန်းဆက်လွှာ

ချစ်ခင်လေးစားရပါသော ဓမ္မမိတ်ဆွေညီအစ်ကိုမောင်နှမများအားလုံးကို မြန်မာနိုင်ငံကျမ်းစာအသင်းမှ နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် နှစ်စဉ်ကျရောက်သော "သမ္မာကျမ်းစာနေ့" သည်ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဂုဏ်ပြုသောနေ့တစ်နေ့ဖြစ်၍ ကျေးဇူးတော်ကိုချီးမွမ်းလျှက် ကြိုဆိုနိုင်ကြစေရန် နှိုးဆော်အပ်ပါသည်။

သမ္မာကျမ်းစာသည်လူသားတို့အား ကယ်တင်ခြင်းလမ်းခရီးကိုညွှန်ပြသည့် ထာဝရအလင်းတန်းဖြစ်ပြီး ဘုရားသခင်၏အလိုတော်နှင့် ကယ်တင်ခြင်းအကြောင်းကို ထင်ရှားစွာဖော်ပြသော အသက်၏အခြေအမြစ်ဖြစ်သည်။ ထိုကျမ်းစာသည်ပင် ကျွန်ုပ်တို့အားလမ်းမှန်ကိုပြသခြင်း၊ ဝိညာဉ်ရေးအသက်တာကိုအားဖြည့်ခြင်းနှင့် မျှော်လင့်ခြင်းအသစ်ကို ပေးစွမ်းနိုင်သောတစ်ခုတည်းသော ဘုရား၏နှုတ်တော်ထွက်စကားတော်ဖြစ်သည်။

၂၀၂၆ ခုနှစ်၏အဓိကအချက်သည် **"မေတ္တာကမ္ဘာတည်ဆောက်ရာ နှုတ်ကပတ်တော်သမ္မာကျမ်းစာ"** ဖြစ်သည်။ ပျော်ရွှင်ခြင်းများဆိတ်သုန်းနေသော ဤကမ္ဘာလောကကြီးအထဲ၌ရှင်သန်နေကြရသော ကျွန်ုပ်တို့အတွက်တစ်ခုတည်းသောမျှော်လင့်ရာမှာ ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာကျမ်းစာပင်ဖြစ်သည်။ မျှော်လင့်ခြင်းနေ့သစ်၏ပျော်ရွှင်သောကမ္ဘာကို နှုတ်ကပတ်တော်နှင့်ဖြတ်သန်းရင်း သမ္မာကျမ်းစာနေ့အား အတူတကွဆင်နွှဲကြပါစို့။

နှုတ်ကပတ်တော်ကိုချစ်၍ ပံ့ပိုးပေးလှူသော အသင်းတော်များ၊ အသင်းသူအသင်းသားများ၊ စေတနာ့ဝန်ထမ်းများ၊ ပံ့ပိုးသူအသင်းသားများကိုနှုတ်ဆက်ရင်း ဤနှုတ်ခွန်းဆက်လွှာကိုပေးပို့အပ်ပါသည်။





ဥက္ကဋ္ဌ
ဂိုဏ်းချုပ်ဆရာတော်ကြီးဦးမြတ်ဆန်း

အထွေထွေအတွင်းရေးမှူး
Rev. Dr. စောရှမိုအေးလတော

# ဓမ္မဒေသနာ

## မေတ္တာကမ္ဘာတည်ဆောက်ရာ၊ နှုတ်ကပတ်တော်သမ္မာကျမ်းစာ။

(ထွက်၊ ၃၄း၆–၇။ သု၊ ၃း၃။ ဟောရှာ၊ ၅၄း၁၀။
မ၊ ၅း၄၃–၄၈။ ကော၊ ၃း၁၄–၁၇။ ၁ယော၊ ၄း၁၈–၂၁)

**သိက္ခာတော်ရဆရာဦးတေဇဝင်း**
**အထွေထွေအတွင်းရေးမှူး**
**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)**

## နိဒါန်း

ယနေ့ကမ္ဘာလောကသည် ပဋိပက္ခများ၊ မုန်းတီးမှုများ၊ မတရားမှုများနှင့်ပြည့်နှက်နေပါသည်။ လူသားများသည် မေတ္တာကိုလိုအပ်နေကြပါသည်။ မေတ္တာမရှိလျှင် ငြိမ်းချမ်းမှုမရှိ၊ မေတ္တာမရှိလျှင် အတူနေထိုင်နိုင်ခြင်းမရှိပါ။

ထို့ကြောင့် "မေတ္တာကမ္ဘာ" တည်ဆောက်ခြင်းသည် လူသားတိုင်းအတွက်အရေးကြီးသောအလုပ်ဖြစ်ပါသည်။ သို့သော် မေးခွန်းတစ်ခုရှိပါသည်။ မေတ္တာကမ္ဘာကို ဘယ်လိုတည်ဆောက်နိုင်မလဲ။ တစ်ခုတည်းသောအဖြေမှာ ဘုရားသခင်၏နှုတ်ကပတ်၊ သမ္မာကျမ်းစာအားဖြင့်သာဖြစ်ပါသည်။

### ၁။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်။

*ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ (၁ယော၊ ၄း၈)*

မေတ္တာ၏မူလရင်းမြစ်မှာ လူမဟုတ်၊ ဘုရားသခင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုမသိဘဲ မေတ္တာကမ္ဘာကိုမတည်ဆောက်နိုင်ပါ။ ဘုရားသခင်ဆီမှလာသောမေတ္တာသည်သာလျှင် စစ်မှန်သောမေတ္တာဖြစ်ပါသည်။ ဘုရားသခင်ကို အခြေမပြုသောမေတ္တာများသည် စစ်မှန်မှုမရှိနိုင်ပါ။ ရေရှည်မတည်တန့်နိုင်ပါ။ မိသားစုများအတွင်း၊ မိတ်ဆွေသူငယ်ချင်းများအတွင်း စစ်မှန်သော၊ အနစ်နာခံသောမေတ္တာတရားကိုတည်ဆောက်လိုပါက မေတ္တာတရားဖြစ်တော်မူသော ဘုရားသခင်၌သာအစပြုရပေမည်။

## ၂။ နှုတ်ကပတ်တော်သည် မေတ္တာတရားကိုသင်ကြားပေးသည်။

*သင်တို့သည် အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ချစ်ကြလော့။*
*ငါသည် သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟု*
*ပညတ်သစ်ကိုငါပေး၏။ (ယော၊ ၁၃း ၃၄)*

ချစ်ခြင်းမေတ္တာတရားသည် ဘုရားသခင်၌အစပြုကြောင်း သမ္မာကျမ်းစာက သင်ကြားပေးသလို ချစ်ခြင်းမေတ္တာထားရှိရမည့်အကြောင်းကိုလည်း သင်ကြားပေးပါသည်။ လူသားအချင်းချင်းမေတ္တာတရားထားရှိခြင်းသည် လွယ်ကူသောအရာတစ်ခုမဟုတ်ပါ။ သခင်ယေရှုကိုယ်တိုင် သက်သေပြခဲ့သောအရာမှာ ကိုယ်ကျိုးစွန့်သောမေတ္တာတရားဖြစ်ပါသည်။ မိမိအကျိုးကိုမရှုမှတ်ဘဲ သူတစ်ပါး၏အကျိုးကို ရှုမှတ်ခြင်းဖြစ်ပါသည်။

တမန်တော်ကြီးရှင်ပေါလုမှ ၁ကော ၁၃ တွင် မေတ္တာတရား၏အရည်အသွေးများကိုရှင်းလင်းစွာဖော်ပြထားပါသည်။ မေတ္တာသည် စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သမ္မာတရား၌ဝမ်းမြောက်ခြင်းများနှင့်ပြည့်စုံ၍ ဝါကြွားခြင်း၊ ကိုယ့်အကျိုးကိုရှာခြင်း ဒေါသထွက်ခြင်း၊ မတရားသောအမှု၌ဝမ်းမြောက်ခြင်းများမရှိပါ။

## ၃။ နှုတ်ကပတ်တော်ကိုလိုက်နာသောအခါ မေတ္တာကမ္ဘာဖြစ်ပေါ်လာသည်။

*ကိုယ်ကိုကိုယ်လှည့်ဖြား၍ နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူ*
*မဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့။*
*(ယာ၊ ၁း၂၂)*

သမ္မာကျမ်းစာကိုဖတ်ရှုခြင်းသည် ခရစ်ယာန်များအတွက် ပြည့်စုံလုံလောက်သောနာခံခြင်းမဟုတ်ပါ။ ထိုကျမ်းစာများကို လက်တွေ့ဘဝအသက်တာတွင်လည်း လိုက်နာကျင့်သုံးရမည်ဖြစ်ပါသည်။ နှုတ်ကပတ်တော်မှသင်ကြားပေးသော ချစ်ခြင်းမေတ္တာတရားနှင့် လူသားအချင်းချင်း ချစ်ခြင်းမေတ္တာတရားထားရှိရန် တာဝန်ရှိခြင်းများကို နားလည်သဘောပေါက်ရုံမျှမက ထိုသဘောတရားများကိုလက်တွေ့ဘဝတွင် အသက်ရှင်ခြင်းလက္ခဏာများအဖြစ် ဖြစ်ထွန်းရန်စိုက်ပျိုးရပါမည်။ ခရစ်ယာန်များတို့သည်ဘုရား၏မေတ္တာကိုအခြေပြုလျက် သူတစ်ပါးကိုခွင့်လွှတ်သောသူများ၊ ဒုက္ခရောက်နေသူများကိုကူညီမစသူများအဖြစ် ဤလောကကမ္ဘာတွင် ဘုရားသခင်ဘုန်းတော်ကို ထင်ရှားစေကြသူများဖြစ်ကြရပါမည်။ ဤအရာများကို လက်တွေ့လုပ်ဆောင်သောအခါ မေတ္တာကမ္ဘာသည် မိမိအိမ်၊ မိမိအသိုင်းအဝိုင်းမှ စတင်တည်ဆောက်ခြင်းဖြစ်လာပါမည်။

## ၄။ ကျွန်ုပ်တို့သည်မေတ္တာ၏သက်သေဖြစ်ရမည်။

*သူတစ်ပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည်*
*မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်၏*
*သားတော်ဟု ခေါ်ဝေါ်ခြင်းကိုခံရကြလတ္တံ့။*
*(မ၊ ၅း၉)*

ယနေ့ကမ္ဘာကြီးသည် မေတ္တာတရားထွန်းကားသူများကို လိုအပ်နေပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုနှင့် နောက်တစ်ခု၊ လူတစ်ဦးနှင့်တစ်ဦး အမုန်းတရားများနှင့်ပြည့်နေပြီး တိုက်ခိုက်နေကြပါသည်။ ထိုအခြေအနေများကြား ရန်ကိုငြိမ်းစေသောမေတ္တာတရားကို သယ်ဆောင်လာရမည့်သူများမှာ ခရစ်တော်ဘုရား၏နောက်တော်လိုက် ခရစ်ယာန်များသာဖြစ်ပါသည်။
ကျွန်ုပ်တို့သည် မေတ္တာဖြန့်ဝေသူများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသက်ရှင်ပြသသူများဖြစ်ရပါမည်။

### နိဂုံး

ချစ်စွာသောညီအစ်ကိုမောင်နှမများ မေတ္တာကမ္ဘာကိုတည်ဆောက်လိုပါက နိုင်ငံတစ်နိုင်ငံကနေစတင်ရန်မလိုပါ၊ လူကြီးများမှစတင်ရန်မလိုပါ၊ ပညာတရားများကို အချိန်အကြာကြီးယူပြီး သင်ကြားထားရန်မလိုအပ်ပါဘူး။ အင်မတန်ရိုးရှင်းစွာ မိမိ၏နှလုံးသားမှစတင်ရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ပါ၊ ယုံကြည်ပါ၊ လိုက်နာပါ။ ထိုအခါ မေတ္တာကမ္ဘာကို ဤကမ္ဘာကြီးမှာ တည်ဆောက်လာနိုင်မည်ဖြစ်ပါသည်။

-- o0o --

# သမ္မာကျမ်းစာလေ့လာခြင်း

## မေတ္တာကမ္ဘာတည်ဆောက်ရာ၊ နှုတ်ကပတ်တော်သမ္မာကျမ်းစာ။

(ထွက်၊ ၃၄း၆–၇။ သု၊ ၃း၃။ ယောရှု၊ ၅၄း၁၀။ မ၊ ၅း၄၃–၄၈။ ကော၊ ၃း၁၄–၁၇။ ၁ယော၊ ၄း၁၈–၂၁)

***The Very Revd. Reginald Matthew Bennett***

***(Cathedral of the Holy Trinity Yagon)***

### နိဒါန်း

လျှင်မြန်စွာတိုးတက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာလောကကြီး၌ဆန်းသစ်သည့် တီထွင်မှုများနှင့် လူ့ဉာဏ်နှင့်အဖြေရှာရန်ခက်ခဲလွန်းသည့် ရုပ်လောက၏ပြောင်းလဲမှုများအား ကျွန်တော်တို့မျက်မှောက်၌ အထင်အရှားတွေ့မြင်နေရမည်ဖြစ်ပါသည်။ လူ့ဘောင်ပတ်ဝန်းကျင်နှင့်တိုင်းနိုင်ငံများသည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အား ထုတ်ကြိုးပမ်းရင်းခေတ်လွန်ကုန်သည်ဟုပင် ပြောစမှတ်ပြုရမည့်ရုပ်ပိုင်းဆိုင်ရာ အောင်မြင်တိုးတက်မှုများကို လျှင်မြန်စွာဖန်တီးတည်ဆောက်နိုင်ကြသော်လည်း ထာဝရနှင့်ယှဉ်သည့်နာမ်ဝိညာဉ်ပိုင်းဆိုင်ရာကိစ္စရပ်များ၌ တစ်ဖြည်းဖြည်းဆုတ်ယုတ်ကျဆင်းလာနေကြောင်း မြင်တွေ့ခံစားမိကြပေလိမ့်မည်။ ၎င်းအထဲ၌သခင်ယေရှုဘုရားကြိုတင်မိန့်မှာသတိပေးထားခဲ့သည် “မတရားသောအမှုတို့သည်များပြားသဖြင့် အများသောသူတို့၏ ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်” (မဿဲ ၂၄း၁၂) ဟူသောသတိပေးချက်အားသတိမူပြီး ယုံကြည်သူများအနေဖြင့်နှုတ်ကပတ်တော်သမ္မာကျမ်းစာ၌အခြေခံသော မေတ္တာကမ္ဘာအား ပြန်လည်တည်ဆောက်ရန်အလွန်ပင်လိုအပ်နေပါသည်။

### ၁။ ကျမ်းညွှန်းများအားလေ့လာခြင်း

ထွက်မြောက်ရာကျမ်း ၃၄း၆ ၌ဘုရားသခင်၏ဂုဏ်ရည်တော်များအား ဖော်ညွှန်းထားခြင်းကိုတွေ့နိုင်သကဲ့သို့ အပြစ်ပြုမိ၍နောင်တတရားဖြင့် တိုးဝင်ခိုလှုံသူများအား ခွင့်လွှတ်သောသဘောနှင့်ပြည့်ဝသည့် ဘုရားဖြစ်ကြောင်းကိုလည်းဖော်ညွှန်းထားပါသည်။

သုတ္တံကျမ်း ၃း၃ ၌ဘုရားရှင်အလိုရှိသည့် အသက်တာပုံစံတစ်ခုဖြစ်သောကရုဏာတရားနှင့်သစ္စာတရားအားအစဉ်အမြဲအခြေခံပြီး အသက်ရှင်ရန်တိုက်တွန်းထားပါသည်။

ဟောရှာယ ၅၄း၁၀ ၏ဖော်ပြမှုအားကြည့်လျှင် ထာဝရဘုရား၏ချစ်ခြင်းကရုဏာတရားသည် မည်သို့သောအခြေအနေ၊ အချိန်အခါ၌မျှ ရွေ့လျော့သွားမည်မဟုတ်ကြောင်းတွေ့နိုင်ပါသည်။ ဘုရား၏ဂုဏ်ရည်တော်ဖြစ်သည့်ချစ်ခြင်းမေတ္တာအားမည်သည့်အရာကမှရွေ့လျော့သွားရန်မစွမ်းနိုင်ကြောင်း ငြိမ်သက်ခြင်းပဋိညာဉ်တရားသည်လည်း ထာဝရတည်မည်ဖြစ်ကြောင်းကတိပြုသောဘုရားသည် လူသားများအပေါ် သနားခြင်းကရုဏာစိတ်ရှိသည့် ဘုရားပင်ဖြစ်ကြောင်းသိနိုင်ပါသည်။

ရှင်မဿဲ ၅း၄၃-၄၈ ၌သခင်ယေရှုမှအတိုင်းအဆမရှိသည့် ချစ်မေတ္တာစိတ်ထားရှိရန်သွန်သင်ထားပါသည်။ ယုံကြည်သူများအနေဖြင့် ဘုရားသခင်၌ရှိသည့်ချစ်ခြင်းမေတ္တာအားခံယူရရှိပါက လက်တွေ့အသက်ရှင်မှု၌ မိတ်ဆွေသူငယ်ချင်းများအပြင်အခြားသောသူများ (ရန်သူကိုပင်လျှင်) ကိုလည်း မေတ္တာသက်ဝင်ပြီး ဘုရား၏ကျေးဇူးကရုဏာစိတ်ထားအား ပေါ်လွင်ထင်ရှားပြသရန်တောင်းဆိုထားပါသည်။

ကောလောသဲ ၃း၁၄-၁၇ ၌လည်း ယုံကြည်သူများလက်တွေ့အသက်ရှင်လျှောက်လှမ်းမှု၌ သနားကရုဏာ၊ ကောင်းမြတ်ခြင်း၊ နှိမ့်ချသိမ်မွေ့မှုနှင့် စိတ်ရှည်ခြင်းတို့၏အခြေခံဖြစ်သောချစ်ခြင်းမေတ္တာအား အဝတ်တန်ဆာကဲ့သို့ခြုံ၍ဝတ်ဆင်ထားရန်တိုက်တွန်းထားပါသည်။

၁ယော ၄း၁၈-၂၁ ၌မူ ဘုရား၏ချစ်မေတ္တာရှိသည့်နေရာ၌ ကြောက်ခြင်းသံဝေဂကင်းဝေးကြောင်း ဘုရား၏ချစ်ခြင်းမေတ္တာမှ ကြောက်ခြင်းသံဝေဂများအားဖယ်ရှားနိုင်သည့်တန်ခိုးရှိကြောင်းဖော်ပြထားပါသည်။

## ၂။ မေတ္တာကမ္ဘာ (ဝါ) မေတ္တာရပ်ဝန်းတည်ဆောက်ခြင်း

အထက်တွင်လေ့လာမှတ်သားမိသည့် နှုတ်ကပတ်တော်သမ္မာကျမ်းစာ၏ဖော်ပြထားမှုတစ်ချို့အားကြည့်မည်ဆိုပါက မေတ္တာကမ္ဘာ (ဝါ) ချစ်ခြင်းမေတ္တာဖြင့်လွှမ်းခြုံထားသည့်ရပ်ဝန်းတစ်ခုအား တည်ဆောက်အသက်ရှင်ရန်အထူးပင်လိုအပ်ကြောင်းတွေ့ရပေမည်။

မေတ္တာကမ္ဘာဟုဆိုလိုက်သည်နှင့် သာယာငြိမ်းချမ်းကြွယ်ဝပြည့်စုံသည့် ပြုံးပျော်ရွှင်နေသည့်လူ့ပတ်ဝန်းကျင်တစ်ခုအား မြင်ယောင်မိပေလိမ့်မည်။ ရန်လိုမုန်းတီးမှုများနှင့် ငတ်မွတ်ခေါင်းပါးခြင်းများလျော့နည်းခြင်းအတွက် အခြေခံမှာမေတ္တာတရားနှင့်ပြည့်ဝနေသည့် (ဝါ) မေတ္တာတရားများထွန်းကားပွားများရာ ပတ်ဝန်းကျင်ကိုတည်

ဆောက်နိုင်မှသာဖြစ်ပေလိမ့်မည်။ တမန်တော်ရှင်ပေါလုမှ မေတ္တာတရား၏နက်ရှိုင်းမှုအား (၁ကော ၁၃) ၌လေးနက်စွာ ဖော်ပြထားခဲ့မှုသည်လည်း မေတ္တာကမ္ဘာ တည်ဆောက်လိုသူများအတွက် အခြေခံတွန်းအားတစ်ခုဖြစ်မည်ဟုယူဆမိပါသည်။ မေတ္တာကမ္ဘာအားတည်ဆောက်ရာ၌ ချစ်မေတ္တာ၏အရင်းမူလဘုရားသခင်အား သိရှိနားလည် ယုံကြည်ကိုးစားရန်လိုအပ်ပေမည်။ ယုံကြည်သူသားသမီးများအနေဖြင့် ချစ်မေတ္တာ၏အရင်းမူလသည် ထာဝရဘုရားကိုယ်တော်တိုင်ဖြစ်ကြောင်း နှုတ်ကပတ်တော်သမ္မာကျမ်းစာဖော်ပြမှုဖြင့် သိရှိကြပြီးဖြစ်ပေလိမ့်မည်။ ထိုချစ်မေတ္တာ၏ အရင်းမူလဖြစ်သည့် ဘုရားသခင်၏ရည်ရွယ်ချက်တစ်ခုမှာ သခင်ယေရှုခရစ်တော်၏ပုံစံနမူနာအတိုင်း အဂ္ဂါပေမေတ္တာ (အသက်ပေးဆပ်သည်အထိချစ်မေတ္တာသက်ဝင်သည့်ပုံစံ) ဖြင့်တည်ဆောက်သော အတားအဆီးမှန်သမျှကို ကျော်ဖြတ်သည့်ချစ်မေတ္တာအား တည်ဆောက်ရန်ဖြစ်ပါသည်။

ယုံကြည်သူသားသမီးများအချင်းချင်း စကားလုံးဝေါဟာရအားဖြင့်သာမဟုတ်ဘဲ မိမိတို့၏လက်တွေ့ကူညီမစမှုများ၊ တစ်ဦးကိုတစ်ဦးခွင့်လွှတ်နားလည် စာနာတတ်မှုများ၊ စည်းလုံးညီညွတ်မှုတို့ဖြင့် မေတ္တာတရားကိုပေါ်လွင်ထင်ရှားပြသည့် ရပ်ဝန်းတစ်ခုကိုတည်ဆောက်ပြီး မယုံကြည်သေးသူများအတွက် ဘုရား၏ချစ်ခြင်းမေတ္တာအားသက်သေထူပြရန်မျိုးဖြစ်ပါသည်။ ဘုရား၏ဂုဏ်ရည်တော်တစ်ပါးဖြစ်သည့် "ချစ်မေတ္တာ" အားလက်ခံရရှိပြီးသူများကသာ ထိုချစ်မေတ္တာအားပြန်လည်သက်ဝင်ထင်ရှားစေနိုင်မည်ဖြစ်၍ ရှေးဦးစွာချစ်တော်မူသောဘုရား၏ ချစ်မေတ္တာအားခံယူဖို့လိုအပ်ပေမည် (၁ယော ၄း၁၉)။ "ပေးကာပေး၏ မရ" ဟူသော စကားအတိုင်းချစ်မေတ္တာရှင်ဘုရားသခင်မှ ချစ်မေတ္တာပေးဝေလိုသည့်တိုင်အောင် ချစ်မေတ္တာငတ်မွတ်ခေါင်းပါးနေရခြင်းအကြောင်းမှာ နှုတ်ကပတ်တော်သမ္မာကျမ်းစာနှင့်ကင်းကွာနေခြင်းကြောင့်လည်းဖြစ်နိုင်ပေသည်။ စစ်မှန်သည့်ချစ်မေတ္တာအခြေခံအား နှုတ်ကပတ်တော်သမ္မာကျမ်းစာမှလွဲ၍ အခြားမည်သည့်နေရာကမှ သိရှိခံစားနိုင်မည်မဟုတ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

-- o0o --

# ကျမ်းစာအသင်းဆိုင်ရာ
# သိမှတ်ဖွယ်ရာများ

၁။ **၁၈၀၄၊** ပထမဆုံးကျမ်းစာအသင်းဖြစ်သော ဗြိတိသျှနှင့်နိုင်ငံရပ်ခြားကျမ်းစာအသင်း (British and Foreign Bible Society) တည်ထောင်သည်။

၂။ **၁၈၈၉၊** မြန်မာနိုင်ငံတွင်သမ္မာကျမ်းစာအမှုတော်လုပ်ငန်းကို (British and Foreign Bible Society) မှအစပြုခဲ့သည်။

၃။ **၁၉၄၆၊** ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့ (United Bible Societies - UBS) ဖွဲ့စည်းသည်။ ယခုအခါ နိုင်ငံနှင့်ဒေသပေါင်း (၂၄၀) တွင် ကျမ်းစာအသင်းပေါင်း (၁၆၅) သင်းပါဝင်သည်။

၄။ **၁၉၆၄၊** တွင် မြန်မာနိုင်ငံကျမ်းစာအသင်း (The Bible Society of Myanmar) ဟုပြင်ဆင်ဖွဲ့စည်းခဲ့ကာ၊ ၁၉၆၉ ခုနှစ်တွင် UBS ၏တင်းပြည့်အဖွဲ့ဝင် ဖြစ်လာပါသည်။

**၅။ ကျမ်းစာအသင်း၏ရူပါရုံ**

နှုတ်ကပတ်တော်မြတ်၏တန်ခိုးဖြင့် မြန်မာနိုင်ငံသားအားလုံး၏ ဘဝအသက်တာပြောင်းလဲစေရန်။

**၆။ ကျမ်းစာအသင်း၏ရည်ရွယ်ချက်**

မြန်မာနိုင်ငံရှိ သွေးချင်းတိုင်းရင်းသားလူမျိုးအားလုံးတို့သည် မိမိတို့ဖတ်ရှု နားလည်နိုင်သော မိခင်ဘာသာစကားအသီးသီးဖြင့် နှုတ်ကပတ်တော်မြတ်ကို လုံလောက်စွာရရှိဖတ်ရှုနိုင်ရန်အတွက် ဘာသာပြန်ဆိုခြင်း၊ နည်းစံနစ်နှင့်ပုံစံအမျိုးမျိုးဖြင့် ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဈေးနှုန်းချိုသာစွာနှင့် ကျယ်ပြန့်ထိရောက်စွာဖြန့်ချိကာ နှုတ်ကပတ်တော်နှင့်ချိတ်ဆက်စေခြင်းအားဖြင့် ပြောင်းလဲသောဘဝအသက်တာကို ရရှိခံစားရန်ရည်ရွယ်ပါသည်။

**၇။ ကျမ်းစာအသင်း၏အထွေထွေအတွင်းရေးမှူးများ**

| | | |
|---|---|---|
| (၁) Rev. William Sherratt | ... | (1899-1933) |
| (၂) Rev. H. C. Willans | ... | (1933-1955) |
| (၃) Rev. S. V. Vincent | ... | (1956-1964) |
| (၄) သိက္ခာတော်ရဆရာဦးအောင်သန်း | ... | (၁၉၆၃ -၁၉၈၄) |
| (၅) သိက္ခာတော်ရဆရာဦးသန်းထွန်းမြတ် | ... | (၁၉၈၅ -၂၀၀၀) |

(၆) သိက္ခာတော်ရဒေါက်တာစောမာဂရေကြီး ... (၂၀၀၀ - ၂၀၁၀)
(၇) သိက္ခာတော်ရဆရာခွေလမ်းထန် ... (၂၀၁၀ - ၂၀၂၅)
(၈) သိက္ခာတော်ရဒေါက်တာစောရှမိုအေးလတော (၂၀၂၅ - )

## ၈။ အသင်းဝင်ခရစ်ယာန်အသင်းတော်နှင့်အဖွဲ့အစည်းများ

### ၈ (၁)။ ခရစ်ယာန်အသင်းတော်များ

(၁) မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ် ... ... Baptist
(၂) မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် ... ... Anglican
(၃) မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်) ... Methodist - Upper
(၄) မြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) Methodist - Lower
(၅) ကယ်တင်ခြင်းတပ် (မြန်မာပြည်) ... ... ... Salvation Army
(၆) မြန်မာနိုင်ငံပရက်စ်ဘီတေးရီးယားန်းအသင်းတော် ... ... Presbyterian
(၇) လုသာရင်ဗက်သလီဟင်း(မ်)အသင်းတော် ... ... ... Lutheran
(၈) ရှင်ဂါပြေလအသင်းတော်ယူနီယံ ... ... ... Congregational
(၉) အမျိုးသားချင်းထောက်ပံ့သည့်ကရင်နှစ်ခြင်းသာသနာပြုအသင်း SSKBMS
(၁၀) မြန်မာနိုင်ငံအေဂျီ (ဧဝံဂေလိ) အသင်းတော်များ ... Assemblies of God
(၁၁) မြန်မာနိုင်ငံခရစ်တော်၏အသင်းတော် ... ... ... Church of Christ
(၁၂) ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်... ... SDA
(၁၃) မြန်မာနိုင်ငံလွတ်လပ်သောပရက်စ်ဘီတေးရီးယားန်းအသင်းတော် IPCM
(၁၄) ဧဝံဂေလိမက်သဒစ်အသင်းတော်၊ မြန်မာပြည် Evangelical Methodist Church
(၁၅) မရာဧဝံဂေလိအသင်းတော် ... ... Mara Evangelical Church
(၁၆) လွတ်လပ်သောဧဝံဂေလိအသင်းတော်၊ မြန်မာပြည် ... ... EFCM
(၁၇) မြန်မာနိုင်ငံဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်... ... ... ZBCM
(၁၈) ယုံကြည်သူများအသင်းတော် (မြန်မာပြည်)... Belivers Church of Myanmar

### ၈ (၂)။ အသင်းဝင်ခရစ်ယာန်အဖွဲ့အစည်းများ

(၁) မြန်မာနိုင်ငံကလျာဏယုဝခရစ်ယာန်အသင်း... ... ... YMCA
(၂) မြန်မာနိုင်ငံကလျာဏယုဝတီခရစ်ယာန်အသင်း ... ... YWCA
(၃) မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း ... ... ... CLS

### ၈ (၃)။ အသင်းဝင်ပူးပေါင်းဆက်သွယ်သောအဖွဲ့အစည်း

(၁) မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ... ... MCC

## ၉။ မြန်မာနိုင်ငံရှိကျမ်းစာဘာသာစကားများနှင့်ခုနှစ်များ

| ဘာသာစကား | | | ကျမ်းပိုင်း | ဓမ္မသစ် | ကျမ်းစာ |
|---|---|---|---|---|---|
| 1. Myanmar (Judson) | ... | ... | 1815 | 1832 | 1835 |
| 2. Sgaw Kayin | ... | ... | 1839 | 1843 | 1853 |
| 3. Pwo Kayin | ... | ... | 1847 | 1852 | 1885 |
| 4. Shan | ... | ... | 1871 | 1882 | 1892 |
| 5. Jinghpaw | ... | ... | 1895 | 1912 | 1927 |
| 6. Mon | ... | ... | 1843 | 1847 | 1928 |
| 7. Mara / Lakher | ... | ... | 1912 | 1928 | 1955 |
| 8. Mizo / Lushai | ... | ... | 1898 | 1916 | 1959 |
| 9. Lisu: Hwa | ... | ... | 1921 | 1938 | 1968 |
| 10. Hmar* | ... | ... | 1920 | 1959 | 1968 |
| 11. Kuki* | ... | ... | 1924 | 1942 | 1971 |
| 12. Paite* | ... | ... | 1940 | 1951 | 1971 |
| 13. Tangkhul* | ... | ... | 1904 | 1927 | 1976 |
| 14. Tedim | ... | ... | 1915 | 1932 | 1977 |
| 15. Hakha | ... | ... | 1920 | 1940 | 1978 |
| 16. Biate* | ... | ... | 1949 | - | 1985 |
| 17. Rawang | ... | ... | 1954 | 1974 | 1986 |
| 18. Lahu | ... | ... | 1924 | 1952 | 1989 |
| 19. Bawm* | ... | ... | 1961 | 1977 | 1989 |
| 20. Falam | ... | ... | 1933 | 1951 | 1991 |
| 21. Zou* | ... | ... | - | 1967 | 1992 |
| 22. Akha | ... | ... | 1939 | 1968 | 2002 |
| 23. Tangsa Naga* | ... | ... | 1982 | 1992 | 2002 |
| 24. Simte* | ... | ... | 1907 | 1957 | 1992 |
| 25. Konyak Naga* | ... | ... | 1944 | 1973 | 1992 |
| 26. Siyin | ... | ... | 1916 | 2002 | 2004 |
| 27. Khiamniungan* | ... | ... | - | 1981 | 2005 |
| 28. Anal Naga* | ... | ... | 1949 | 1983 | 2006 |
| 29. Vaiphei * | ... | ... | 1917 | 1957 | 2006 |
| 30. Hrangkhol* | ... | ... | - | 1994 | 2008 |
| 31. Asho | ... | ... | 1921 | 1954 | 2008 |
| 32. Lhaovo / Maru | ... | ... | 1940 | 2003 | 2009 |
| 33. Lacid | ... | ... | - | 2006 | 2010 |
| 34. Gangte* | ... | ... | 1952 | 1959 | 2010 |
| 35. Phadei* | ... | ... | - | - | 2010 |
| 36. Ngochang | ... | ... | - | 2004 | 2011 |
| 37. Wa | ... | ... | 1934 | 1938 | 2012 |
| 38. Hawa Naga | ... | ... | - | 2000 | 2014 |
| 39. Ngawn | ... | ... | 1951 | 1996 | 2015 |
| 40. Khumi | ... | ... | 1935 | 1959 | 2015 |
| 41. Kom* | ... | ... | 1954 | 1976 | 2015 |
| 42. Zotung | ... | ... | 1951 | 2003 | 2016 |
| 43. Zaniat | ... | ... | 1972 | 1997 | 2018 |

| ဘာသာစကား | ကျမ်းပိုင်း | ဓမ္မသစ် | ကျမ်းစာ |
|---|---|---|---|
| 44. Zo | - | 2006 | 2018 |
| 45. Cho | - | 1999 | 2018 |
| 46. Khualsim | 2011 | 2013 | 2019 |
| 47. Pa O | 1912 | 1961 | 2020 |
| 48. Lutuv | 2012 | 2015 | 2023 |
| 49. Zaiwa | 1939 | 2009 | 2025 |
| 50. Pali | 1827 | 1835 | - |
| 51. Lu | 1921 | 1933 | - |
| 52. Lisu: Hsiahsiah | 1912 | 1951 | - |
| 53. Matu | - | 1992 | - |
| 54. Mro | 1934 | 1994 | - |
| 55. Daai | - | 1996 | - |
| 56. Salong (Mawken)* | 1913 | 2000 | - |
| 57. Ruching Palaung* | - | 2002 | - |
| 58. Kayah | 1997 | 2010 | - |
| 59. Zyphe | - | 2010 | 2025 |
| 60. Ta aw* | - | 2005 | - |
| 61. Akeu* | - | 2015 | - |
| 62. Matupi (Tuivang) | - | 2016 | - |
| 63. Lemi | 2010 | 2017 | - |
| 64. Makuri | 2010 | 2018 | - |
| 65. Geba | 2013 | 2020 | - |
| 66. Khongso | 2014 | 2022 | - |
| 67. Asang (Khongso) | 2018 | 2022 | - |
| 68. Inntha | - | 2023 | |
| 69. Laymyo | - | 2024 | - |
| 70. Karen Bghai/Bwe* | 1857 | - | - |
| 71. Singpho* | 1907 | - | - |
| 72. Maghi* | 1914 | - | - |
| 73. Yunnan Shan* | 1931 | - | - |
| 74. Khun* | 1938 | - | - |
| 75. Awa Khumi* | 1939 | - | - |
| 76. Kadu* | 1939 | - | - |
| 77. Riang Lang* | 1950 | - | - |
| 78. Bwe | 1957 | - | - |
| 79. Hallam* | 1960 | - | - |
| 80. Kayaw | 2007 | - | - |
| 81. Kayan | 2009 | - | - |
| 82. Kang* | 2010 | - | - |
| 83. Lainong Naga* | 2013 | - | - |
| 84. Likhy | 2018 | - | - |
| 85. Senthang* | 2018 | - | - |

*မြန်မာနိုင်ငံကျမ်းစာအသင်း၏စီမံကိန်းဝင်ဘာသာပြန်ကျမ်းစာမဟုတ်ပါ။

## ၁၀။ ကျမ်းစာဘာသာစကားများ (Scripture Languages)

| ဘာသာစကား | သမ္မာကျမ်းစာ | ဓမ္မသစ် | ကျမ်းပိုင်း | စုစုပေါင်း |
|---|---|---|---|---|
| ကမ္ဘာ | ၇၃၇၈ | ၇၉၅ | ၁၈၁၅ | ၁၅၁၁ | ၄၁၂၁ |
| မြန်မာ | ၂၀၀ | ၅၀ | ၂၀ | ၁၆ | ၈၆ |

## ၁၁။ ၂၀၂၅–၂၀၂၆ အစရာရှိ EC နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ

၁။ ဂိုဏ်းချုပ်ဆရာတော်ကြီးဦးမြတ်ဆန်း ... ဥက္ကဋ္ဌ
၂။ သိက္ခာတော်ရဆရာကယ်လီပီလျှန်း ... ဒုတိယဥက္ကဋ္ဌ
၃။ သိက္ခာတော်ရဆရာဦးတေဇဝင်း ... အကျိုးဆောင်ဘဏ္ဍာထိန်း
၄။ သိက္ခာတော်ရဒေါက်တာဆွင့်ဇပေါင် (AG) **EC**
၅။ သိက္ခာတော်ရဒေါက်တာစောစိုင်းရပ်(စ်)စိန် (MBC) **EC**
၆။ သိက္ခာတော်ရဆရာစောဖိုးတဲနဲ (SSKBMS) **EC**
၇။ သာသနာပိုင်ဒေါက်တာရှမွေလစံမြတ်ရွှေ (Anglican) **EC**
၈။ သိက္ခာတော်ရဆရာမစီးခိုပ် (MEC) **EC**
၉။ သိက္ခာတော်ရဒေါက်တာစောဆမ်ဆန် (MBC)
၁၀။ သိက္ခာတော်ရဒေါက်တာထန်ကျင့်လျှန်း (MBC)
၁၁။ သိက္ခာတော်ရဒေါက်တာရောဘတ်ပွန်း (MBC)
၁၂။ Archdeacon Canon ဝင်စတန်အောင်မျိုးထွန်း (Anglican)
၁၃။ Rev. Kap Lian Thang (SDA)
၁၄။ Rev. Malsawmthang (Upper Methodist)
၁၅။ Rev. စိုင်းထွန်းဦး (Lower Methodist)
၁၆။ Rev. Dr. တန်ရှင်ယော်ဒါး (Church of Christ)
၁၇။ Rev. Pek Muan Cuang (PCM)
၁၈။ Major Lalbiakdika (Salvation Army)
၁၉။ Rev. Lal Nei Kam (IPCM)
၂၀။ Rev. Jan Philip Zaw Tun Win (Lutheran Bethlehem)
၂၁။ ဦးမောင်မောင်ကြီး (Congregational)
၂၂။ Rev. Rochharliana (EMC)
၂၃။ Rev. Lal Rawna (EFCM)
၂၄။ Rev. Dr. Zam Len Mang (ZBCM)
၂၅။ Rev. မန်းပါမာစတန် (MCC)
၂၆။ Rev. Dr. ထောင်ထားထန်း (Believers Church Myanmar)
၂၇။ သိက္ခာတော်ရဆရာစောအယ်ကော် (တိုးချဲ့အဖွဲ့ဝင်)

၂၈။ ဆရာမဒေါ်ရိုစလင်း (တိုးချဲ့အဖွဲ့ဝင်)
၂၉။ Rev. Dr. ဦးဇော်ဝင်း (တိုးချဲ့အဖွဲ့ဝင်)
၃၀။ Father George Shwe Htun (CBCM) Observer

## ၁၂။ ဘဏ္ဍာ၊ ပစ္စည်းနှင့်ဝန်ထမ်းရေးရာကော်မီတီ (၂၀၂၅–၂၀၂၆)

၁။ ဂိုဏ်းချုပ်ဆရာတော်ကြီးဦးမြတ်ဆန်း - ဥက္ကဋ္ဌ
၂။ သိက္ခာတော်ရဆရာဦးတေဇဝင်း - အကျိုးဆောင်ဘဏ္ဍာထိန်း
၃။ Rev. Dr. စောရှမိုအေးလတော - အထွေထွေအတွင်းရေးမှူး
၄။ ဒေါ်နန့်မေစန်း
၅။ ဆရာမနော်လားဒီးနီး
၆။ ဆရာမနော်သွဲစာ
၇။ ဆရာစိုင်းလတ်မဟူရာဝါး

## ၁၃။ လက်ရှိအချိန်ပြည့်ဝန်ထမ်း (၁၉) ဦး

| | | |
|---|---|---|
| ၁။ Rev. Dr.စောရှမိုအေးလတော | - အထွေထွေအတွင်းရေးမှူး | |
| ၂။ ဆရာဇေဇော်င်း | - အတွင်းရေးမှူး | (ဘာသာပြန်ဌာန) |
| ၃။ နော်မေးရီယာဟဲသောထူး | - အတွင်းရေးမှူး | (စီမံရေးရာဌာန) |
| ၄။ ဒေါ်ခင်စောမူ | - အတွင်းရေးမှူး | (ပုံနှိပ်ထုတ်ဝေရေးဌာန) |
| ၅။ မိုင်လှဲ့လှဲ့ဝင်း | - ငွေစာရင်းကိုင် | (ငွေစာရင်းဌာန) |
| ၆။ Rev. မန်းအောင်ဇော်မိုး | - အတွင်းရေးမှူး | (ရန်ပုံငွေ/ဆက်ဆံရေးဌာန) |
| ၇။ နော်မြင့်မြင့်အေး | - အတွင်းရေးမှူး | (ဖြန့်/ရောင်း) |
| ၈။ နော်ဂေးဘလုဖော | - ဘာသာပြန်အရာရှိ | (ဘာသာပြန်ဌာန) |
| ၉။ နော်သင်းသင်း | - လ/ထ အတွင်းရေးမှူး | (စီမံရေးရာဌာန) |
| ၁၀။ မိုင်သက်မွန်လတ် | - လ/ထ အတွင်းရေးမှူး | (ဖြန့်/ရောင်း) |
| ၁၁။ နော်လားလောအယ် | - လ/ထ ငွေစာရင်းကိုင် | (ငွေစာရင်းဌာန) |
| ၁၂။ နော်အယ်မူးဖေါ | - အရောင်းလက်ထောက် | (ဖြန့်/ရောင်း) |
| ၁၃။ ဒေါ်သက်မာအောင် | - အရောင်းလက်ထောက် | (ဖြန့်/ရောင်း) |
| ၁၄။ စောလေးမူးဆရီး | - အရောင်းလက်ထောက် | (ဖြန့်/ရောင်း) |
| ၁၅။ စောစိုးလင်း | - CAP တာဝန်ခံ | (ဘာသာပြန်ဌာန) |
| ၁၆။ ဦးထောင်းကွပ်တုန်း | - CAP တာဝန်ခံ | (ဘာသာပြန်ဌာန) |
| ၁၇။ စောခယ်သနယ် | - ရုံးလက်ထောက် -ဂိုဒေါင် | (ဖြန့်/ရောင်း) |
| ၁၈။ မန်းအောင်မင်းထွဋ် | - ယာဥ်မောင်း | (စီမံရေးရာဌာန) |
| ၁၉။ ဦးအောင်ဘု | - အထွေထွေဝန်ထမ်း | (စီမံရေးရာဌာန) |

## ၁၄။ အငြိမ်းစားဝန်ထမ်း (၅) ဦး

၁။ သိက္ခာတော်ရဆရာဇန်ပိုင် ၂။ ဒေါ်ခင်အုန်းမြင့်
၃။ ဒေါ်မာလာ ၄။ ဒေါ်လွင်လွင်အောင်
၅။ သိက္ခာတော်ရဆရာမနန့်အေးအေးချစ်

## ၁၅။ မြန်မာနိုင်ငံသမ္မာကျမ်းစာနေ့သမိုင်း

သမ္မာကျမ်းစာနေ့ Bible Day ကိုနိုင်ငံအသီးသီးကသီးခြားစီကျင်းပကြရာ၊ မြန်မာနိုင်ငံတွင်နှစ်စဉ်သမ္မာကျမ်းစာနေ့ Bible Day ကိုဩဂုတ်လတတိယပတ်တွင်ကျင်းပပါသည်။ သမ္မာကျမ်းစာနေ့ Bible Day ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းမှာအောက်ပါအတိုင်းဖြစ်သည်။

**၁၉၀၅၊ ပထမ Bible Sunday**

၁၉၀၄ ခုနှစ်တွင် ပထမကျမ်းစာအသင်း British and Foreign Bible Society BFBS ၏ရာပြည့်ရန်ပုံငွေ "Centenary Fund" ကောက်ခံခဲ့ရာမှ Bible Sunday အဖြစ်တစ်ရက်သတ်မှတ်ကျင်းပရန်အကြံစတင်ခဲ့သည်။ ထို့ကြောင့် ၁၉၀၅ ခုနှစ်တွင်ပထမ Bible Sunday ကျင်းပနိုင်ခဲ့ (*An efford was made toward the end of the year to inaugurate a Bible Sunday for Burma ..<u>1905 report page 6</u>*)။ သို့သော် မည်သည့်နေ့ရက်တွင်ကျင်းပကြောင်း မှတ်တမ်းမရှိခဲ့ပါ။

**၁၉၁၂၊ အစဉ်အလာတစ်ခုဖြစ်လာ**

၁၉၀၈ ခုနှစ် Bible Sunday ကို ဘဏ္ဍာရေးနှစ်ကုန်ပြီးချိန် (*Bible Sunday being observed generally in December after the close of the financial year <u>1908 report page 10</u>*) တွင်ကျင်းပခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် Bible Sunday သည် အသိအမှတ်ပြုသော အစဉ်အလာတစ်ခုဖြစ်လာသည်။ (*We are grateful for the fact that "Bible Sunday" is becoming a recognized institution.. <u>1912 report page 26</u>*)။ ၁၉၂၁ ခုနှစ်မှစ၍ 2nd Sunday of Advent တွင်ကျင်းပခဲ့ပါသည် (*<u>1921 report page 19</u>*)။

**၁၉၄၇၊ သမ္မာကျမ်းစာနေ့ တစ်နှစ် နှစ်ကြိမ်**

၁၉၄၇ ခုနှစ်တွင် နှစ်ခြင်းအသင်းတော်များသည် ဩဂုတ်လ ၁၇ ရက်နေ့တွင် ပထမအကြိမ်အဖြစ်ကျင်းပပြီး၊ (*On August 17th 1947, Baptist Church through out Burma observed Bible Sunday. This was the first year in which we have appealed widely to the Baptist Churches for such observanes, ...*)၊ ကျန်အသင်းတော်များသည် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပကြသည်။ (*other churches observed Bible Sunday on December 7th 1947,the Second Sunday in Advent <u>1947 report page 4</u>*)။

**၁၉၅၅၊ ခိုင်မာသောအစဉ်အလာ**

၁၉၅၅ ခုနှစ်တွင် ဩဂုတ်လတတိယတနင်္ဂနွေနေ့ကို Bible Sunday ဟု ခိုင်မာသောအစဉ်အလာအဖြစ် ကျင်းပနိုင်ခဲ့သည်။ *(It is now a well-established tradition for the Free Churches in Burma to observe Bible Sunday on the third Sunday in August and ... 1955 report page 4)*။ အင်္ဂလီကန်အသင်းတော်များက Second Sunday of Advent တွင် ကျင်းပခဲ့ကြသည် *(... the Anglican Churches on the 2nd Sunday in Advent: 1955 report page 4)*။

**၂၀၀၄၊ တစ်လုံးတစ်ဝ သမ္မာကျမ်းစာနေ့ 3rd Sunday of August**

၂၀၀၄ ခုနှစ်တွင် အင်္ဂလီကန်အသင်းတော်များသည် အသင်းတော်များတစ်လုံးတစ်ဝတည်းဖြစ်ရေးကို တည်ဆောက်ခြင်းအတွက် 2nd Sunday in Advent တွင်သီးခြားမကျင်းပတော့ဘဲ၊ ဩဂုတ်လတတိယတနင်္ဂနွေနေ့တွင်ပြောင်းလဲကျင်းပခဲ့ကြသည်။

**၂၀၀၄၊ Bible Sunday မှ Bible Day**

သမ္မာကျမ်းစာနေ့ကို Sabbath နှင့် Sunday နေ့များတွင်ကျင်းပကြသောကြောင့် ၂၀၀၄ ခုနှစ်မှစပြီး Bible Sunday မှ Bible Day ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

**၂၀၁၇၊ Bible Day & Bible Emphasis Week**

၂၀၁၇ ခုနှစ်မှစ၍ Bible Day ကိုပို၍အနှစ်သာရရှိရှိ တစ်ပတ်တာလှုပ်ရှားမှုဖြစ်အောင် Bible Emphasis Week အဖြစ်တိုးချဲ့ကျင်းပနိုင်ခဲ့သည်။

## အနှစ်ချုပ်

၁၈၈၉ ခုနှစ်တွင် မြန်မာနိုင်ငံတွင်ကျမ်းစာအမှုတော်လုပ်ငန်းအစပြု။
၁၉၀၅ ခုနှစ်တွင် ပထမ Bible Sunday ကျင်းပ၊ နေ့ရက်မှတ်တမ်းမရှိ။
၁၉၁၂ ခုနှစ်တွင် Bible Sunday ကို ဒီဇင်ဘာလနောက်ဆုံးပတ်တွင်ကျင်းပ။
၁၉၄၇ ခုနှစ်တွင် Bible Sunday ကို ဩဂုတ်လနှင့် ဒီဇင်ဘာလတွင်ကျင်းပ။
၁၉၅၅ ခုနှစ်တွင် Bible Sunday သည် ဩဂုတ်လတွင်ခိုင်မာသောအစဉ်အလာဖြစ်။
၂၀၀၄ ခုနှစ်တွင် ဂိုဏ်းပေါင်းစုံမှ ဩဂုတ်လတတိယပတ်တွင်ပြောင်းလဲကျင်းပ။
၂၀၀၄ ခုနှစ်တွင် Bible Sunday ကို Bible Day ဟု ပြောင်းလဲခေါ်တွင်။
၂၀၁၇ ခုနှစ်တွင် Bible Day အပြင် Bible Emphasis Week ဟုတိုးချဲ့ကျင်းပ။

-- o0o --

# မြန်မာနိုင်ငံကျမ်းစာအသင်း၏
# ၂၀၂၅/၂၀၂၆ ခုနှစ်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

## နိဒါန်း

၂၀၂၅ ခုနှစ်သည် အခက်အခဲအမျိုးမျိုး၊ စိုးရိမ်ပူပန်မှုများနှင့် ဘဝကိုရုန်းကန်ရှင်သန်ခဲ့ရသောနှစ်ဟုဆိုလျှင်မမှားနိုင်ပေ။ ဘဝတွေဘယ်လိုပင်ကြမ်းတန်းကာ ခက်ခဲပါလေ့စေရင်ဆိုင်ဖြတ်သန်းနိုင်ခြင်းအခွင့်ကို ဘုရားသခင်ပေးခဲ့ပါသည်။ သဘာဝဘေးဒဏ်ကြောင့် မျက်ရည်များ၊ ဆုံးရှုံးမှုများ၊ နာကျင်မှုများ၊ ခွဲခွာခြင်းများရှိနေသောကြောင့် လူတိုင်း၊ မိသားစုတိုင်း၏နှလုံးသားထဲမှာ အလိုချင်ဆုံးနှင့်အတမ်းတဆုံးမှာ ငြိမ်းချမ်းသာယာပြီး အပူပင်ကင်းမဲ့သောအချိန်ကို အလိုချင်ဆုံး၊ အလိုအပ်ဆုံးဖြစ်ပါသည်။ ထိုသို့ခက်ခဲနေသည့်ကြားထဲမှ ငြိမ်းချမ်းသာယာခြင်းကိုပုံဖော်တည်ဆောက်နိုင်ဘို့ရန် အဓိကအချက်အဖြစ် "ငြိမ်းချမ်းသာယာပျော်ရွှင်ဖို့ ဘုရားနှုတ်ကပတ်တော်ကိုမျှော်လင့်စို့" ရွေးချယ်သောနှစ်ဖြစ်ပါသည်။

ငြိမ်းချမ်းခြင်းတွေမရှိတော့တဲ့ ကမ္ဘာနှင့်မြန်မာမှာ ငြိမ်းချမ်းပြီးသာယာသောနေရာဝန်းကျင်တည်ဆောက်နိုင်ဖို့ရန် နှုတ်ကပတ်တော်သာလျှင်ကျွန်ုပ်တို့အား ဥပဇ္ဈာယ်ဆရာအနေဖြင့်လမ်းပြပေးနိုင်မှာဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် ကျမ်းစာအသင်း၏လုပ်ငန်းဆောင်ရွက်မှုများနှင့်အတူ ၂၀၂၆ နှစ်ဦးပိုင်းဆောင်ရွက်မှုများ၊ အသင်းတော်အသီးသီးမှပေးလှူကြသော အလှူတော်ငွေများ၊ သမ္မာကျမ်းစာနေ့အလှူငွေလက်ခံရရှိမှုများကို အောက်ပါအတိုင်းအစီရင်ခံအပ်ပါသည်။

### ၁။ ဘာသာပြန်ဆိုရေးလုပ်ငန်း

### ၁ (က)။ ၂၀၂၅ ကျမ်းစာဘာသာပြန်ဆိုရေးစီမံကိန်းများ

၂၀၂၅ ခုနှစ်တွင် ဘာသာပြန်စီမံကိန်း (၁၁) ခုဖြင့်လုပ်ငန်းများကို အောက်ပါအတိုင်းလုပ်ဆောင်ခဲ့ပါသည်။

| ဘာသာစကား | အတိုင်ပင်ခံ |
|---|---|
| (၁) ဟားခါးချင်းဓမ္မဟောင်းကျမ်း (ကျမ်းမူသစ်) | Rev. Dr. Nang Sawm Piang |
| (၂) ဖလမ်းချင်းဓမ္မဟောင်းကျမ်း (ကျမ်းမူသစ်) | Rev. Dr. Nang Sawm Piang |
| (၃) တီးတိန်ချင်းဓမ္မဟောင်းကျမ်း (ကျမ်းမူသစ်) | Dr. Eh Tar Gay |
| (၄) ဂေဘားဓမ္မဟောင်းကျမ်း | Rev. Nant Aye Aye Chit |
| (၅) လေးမြို့ချင်းဓမ္မဟောင်းကျမ်း | Naw Gay Blut Paw |
| (၆) ဟာဝါနာဂသမ္မာကျမ်းစာပြင်ဆင်ခြင်း | Rev. Khoi Lam Thang |

(၇) အရှိုချင်းသမ္မာကျမ်းစာပြင်ဆင်ခြင်း Naw Gay Blut Paw
(၈) မြန်မာ (BFBS) သမ္မာကျမ်းစာပြင်ဆင်ခြင်း Rev. Khoi Lam Thang
(၉) လော်ဝေါ်သမ္မာကျမ်းစာပြင်ဆင်ခြင်း Ze Zawng
(၁၀)လာချိဒ်သမ္မာကျမ်းစာပြင်ဆင်ခြင်း Ze Zawng
(၁၁)ဇာညက်ချင်းသမ္မာကျမ်းစာပြင်ဆင်ခြင်း Rev. Khoi Lam Thang

**၁ (ခ)။ ဘာသာပြန်အတိုင်ပင်ခံများ**

(၁) Rev. Dr. Nang Sawm Piang - Translation Officer (Part time)
(၂) Dr. Eh Tar Gay - Translation Officer (Part time)
(၃) Rev. Khoi Lam Thang - Translation Officer (Part time)
(၄) Rev. Nant Aye Aye Chit - Translation Officer (Part time)
(၅) Saya Ze Zawng - Translation Secretary
(၆) Sayama Gay Blut Paw - Translation Officer

**၁ (ဂ)။ သမ္မာကျမ်းစာဆက်ကပ်ပွဲများ**

(၁) ဇိုဖေသမ္မာကျမ်းစာဆက်ကပ်ခြင်းကို ၂၀၂၅ ခု၊ ဒီဇင်ဘာလ (၁၁) ရက်နေ့၌ရန်ကုန်ဗဟန်းမြို့နယ်ရှိ UPC Headquarter တွင်ကျင်းပနိုင်ခဲ့ပါသည်။
(၂) ဇိုင်ဝါးသမ္မာကျမ်းစာဆက်ကပ်ခြင်းကို၂၀၂၆ ခု၊ မတ်လ (၁၉) ရက်နေ့၌ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ Geis ကချင်နှစ်ခြင်းအသင်းတော်တွင် ကျင်းပနိုင်ခဲ့ပါသည်။

**၁ (ဃ)။ ဘာသာပြန်ဆိုရေးအလုပ်ရုံဆွေးနွေးပွဲများ**

(၁) ဘာသာပြန်အတွင်းရေးမှူးဆရာဇေဇော်င်းနှင့် ဘာသာပြန်အတိုင်ပင်ခံ သိက္ခာတော်ရဆရာခွေလမ်းထန်တို့၏ ဦးဆောင်မှုဖြင့် စစ်ကိုင်းတိုင်း၊ ကလေးမြို့တွင် ဇာညက်သမ္မာကျမ်းစာ ပြန်လည်ပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၅ ခု၊ ဩဂုတ်လ (၅-၇) ရက်နေ့တွင်လုပ်ဆောင်ခဲ့ရာ ဇာညက်ကျမ်းစာဘာသာပြန်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။
(၂) ကျမ်းစာဘာသာပြန်အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကျမ်းစာတိုက်၌ ၂၀၂၆ ခု၊ ဧပြီလ (၂၂-၂၄) ရက်အတွင်းလုပ်ဆောင်ခဲ့ပါသည်။ UBS မှ Global Translation Consultant များဖြစ်သော Dr. Simon Wong, Dr. Lady Mandalika တို့နှင့်အတူ ကျမ်းစာအသင်းဘာသာပြန်ဌာနမှ ဝန်ထမ်းများဦးဆောင်ခဲ့ကြပါသည်။ အင်ဒိုနီးရှားနိုင်ငံကျမ်းစာအသင်း၏ ဘာသာပြန်ဌာနတာဝန်ခံ Dr. Anwar Tjen သည်လည်း Online Zoom မှတဆင့်သင်ကြားပါဝင်ခဲ့ပါသည်။

၁ (င)။ **ပြည်တွင်း၊ ပြည်ပအစည်းအဝေးနှင့်သင်တန်းများ**

ဘာသာပြန်အရာရှိ နော်ဂေးဘလုဖောသည် Sign Language Translation Officer Training ကို Online ဖြင့် ၂၀၂၅ ဒီဇင်ဘာလ (၈-၁၈) ရက်နေ့တွင်တက်ရောက်ခဲ့ပါသည်။

၂။ **ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း**

၂၀၂၅ မေလမှ ၂၀၂၆ မေလအတွင်းပုံနှိပ်ထုတ်ဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| **ကျမ်းစာအုပ်များ** ... ... ... | **၂၉,၁၁၆** | |
| (၁) တီးတိန်ချင်းသမ္မာကျမ်းစာ (57) ... ... | ၂,၀၀၀ | အုပ် |
| (၂) တီးတိန်ချင်းသမ္မာကျမ်းစာ (57Z) ... ... | ၃,၀၀၀ | အုပ် |
| (၃) ဟားခါးသမ္မာကျမ်းစာ (57Z) ... ... | ၅,၀၀၀ | အုပ် |
| (၄) ဟားခါးသမ္မာကျမ်းစာ (67Z) ... ... | ၅,၀၀၀ | အုပ် |
| (၅) ဟားခါးသမ္မာကျမ်းစာ (93) ... ... | ၅၀၀ | အုပ် |
| (၆) မြန်မာသမ္မာကျမ်းစာ (ယုဒသန်မူ) (52TI) | ၂,၅၀၀ | အုပ် |
| (၇) မြန်မာသမ္မာကျမ်းစာ (ယုဒသန်မူ) (57ZTI) | ၃,၀၀၀ | အုပ် |
| (၈) မြန်မာသမ္မာကျမ်းစာ (ယုဒသန်မူ) (62TI) | ၂,၆၀၀ | အုပ် |
| (၉) မြန်မာသမ္မာကျမ်းစာ (ယုဒသန်မူ) (67ZTI) | ၃,၀၀၀ | အုပ် |
| (၁၀) မြန်မာသမ္မာကျမ်းစာ (ယုဒသန်မူ) (93TI) | ၅၀၀ | အုပ် |
| (၁၁) Children Bible | ၂၀၁၆ | အုပ် |
| **ပုံနှိပ်ပြီးထိုင်းနိုင်ငံတွင်ရောက်ရှိကျမ်းစာအုပ်များ** | **၅၁၀၉၆** | |
| (၁) မြန်မာသမ္မာကျမ်းစာ (ယုဒသန်မူ) (M) ... ... | ၄၃,၁၀၀ | အုပ် |
| (၂) စကောကရင်သမ္မာကျမ်းစာ (SKOV 93) ... | ၇၀၀ | အုပ် |
| (၃) ဇိုင်ဝါးသမ္မာကျမ်းစာ (62) ... ... ... ... | ၅,၁၀၀ | အုပ် |
| (၄) ဇိုဖေကျမ်းစာ (ZYP 52) ... ... ... ... | ၂,၁၄၆ | အုပ် |
| (၅) ဇိုဖေကျမ်းစာ (ZYP 57Z) ... ... ... ... | ၅၀ | အုပ် |
| **စာအုပ်ငယ်များ** ... ... ... | **၃၇၇၇၆** | |
| (၁) ၂၀၂၆ သမ္မာကျမ်းပြက္ခဒိန် ... ... ... | ၅,၀၀၀ | အုပ် |
| (၂) ၂၀၂၆ ဒိုင်ယာရီ ... ... ... | ၃,၀၀၀ | အုပ် |
| (၃) ၂၀၂၆ Year planner ... ... ... | ၃,၅၀၀ | အုပ် |
| (၄) ကျမ်းပိုဒ်မှတ်စုစာအုပ် ... ... ... | ၂,၀၀၀ | အုပ် |
| (၅) မောရှေရှုပ်ပြ (အပိုင်း ၁၊၂) ... ... ... | ၂,၀၈၄ | အုပ် |

(၆) သခင်ယေရှုသက်တော်စဉ် (အပိုင်း ၁) ... ၁,၀၀၀ အုပ်
(၇) သခင်ယေရှုသက်တော်စဉ် (အပိုင်း ၂၊၃)... ၄,၀၀၀ အုပ်
(၈) ကလေးများအတွက်သမ္မာကျမ်းစာ (အပိုင်း ၁၊၄) ၄,၀၀၀ အုပ်
(၉) ကလေးများအတွက်သမ္မာကျမ်းစာ (အပိုင်း ၃) ၁,၀၀၀ အုပ်
(၁၀) ရှင်ယောဟန်ကျမ်း ... ... ... ၅၀၀ အုပ်
(၁၁) သမ္မာကျမ်းစာခေတ်လူတို့၏နေ့စဉ်အသက်တာ ၁,၀၀၀ အုပ်
(၁၂) ကျွန်ုပ်နှင့်သမ္မာကျမ်းစာ (အပိုင်း ၁) ... ၁,၀၀၀ အုပ်
(၁၃) သမ္မာကျမ်းစာမှကတိတော်များ ... ... ၁,၀၂၀ အုပ်
(၁၄) နှုတ်ကပတ်တော်အတွက်သာမဟုတ်လျှင် ၁,၀၀၀ အုပ်
(Rev. Khoi Lam Thang)
(၁၅) Gratitude Journal book ... ... ... ၂,၀၂၈ အုပ်
(၁၆) Identity and Identified ... ... ... ၁,၅၁၄ အုပ်
(၁၇) Jesus Story Part 1,2,3 (Comic, English) ၃,၀၆၀ အုပ်
(၁၈) Mary Jones ... ... ... ၁,၀၇၀ အုပ်

**ဝေစာများ**

(၁) ၂၀၂၅ ခရစ္စမတ်ဝေစာ ... ... ... ၄၀၀,၀၀၀ အုပ်
(၂) ၂၀၂၆ အီစတာဝေစာ ... ... ... ၅၀,၀၀၀ ရွက်
(၃) စိတ်ဒဏ်ရာငြိမ်းစေရာဝေစာ ... ... ... ၁၀၀,၀၀၀
(၄) Bible Day Booklet ... ... ... ၂,၀၀၀ အုပ်
(၅) Bible Day Envelop ... ... ... ၁၅,၀၀၀ အိတ်
(၆) Bible Day Theme Tract ... ... ... ၁၀၀,၀၀၀ ရွက်
(၇) လမ်းနှစ်သွယ်ဝေစာ ... ... ... ၁၀၀,၀၀၀ ရွက်

**အခြား**

(၁) Bible Verse Photo frame ... ... ... ၃၆၇ ချပ်
(၂) Pastor Tab Collar ... ... ... ၈၀၀ ခု
(၃) Toke Bag ... ... ... ၆၀၀ အိတ်
(၄) ကျောက်စီပန်းချီ ... ... ... ၁၃ ချပ်
(၅) Ball Pen ... ... ... ၁၀၀၀ ချောင်း
(၆) Scripture Verses Box ... ... ... ၁၀၀၀ ဗူး
(၇) Scripture T Shirt ... ... ... ၄၈၁ ထည်
(၈) Scripture Brooch ... ... ... ၁၃၁၅ ခု
(၉) Scripture Verse Clock ... ... ... ၅ လုံး

## ၃။ ဖြန့်ချိရေးလုပ်ငန်း

ဖြန့်ချိရေးနှင့်အရောင်းဌာနအနေဖြင့် ကျမ်းစာအသင်းမှထုတ်ဝေသည့် မြန်မာတိုင်းရင်းဘာသာစကားအမျိုးမျိုးဖြင့် ထုတ်ဝေသောကျမ်းစာအုပ်အမျိုးမျိုး၊ သမ္မာကျမ်းစာကိုအခြေပြုရေးသားထားသော ခွန်အားယူစရာစာအုပ်စာပေများနှင့် အခြားစာစောင်များကို ကျမ်းစာအသင်းစာအုပ်ဆိုင်တွင် ရောင်းချဖြန့်ချိရုံသာမက၊ အသင်းတော်ဈေးရောင်းပွဲများ၊ အမှုဆောင်အစည်းအဝေးကြီးများတွင် ဝန်ထမ်းများကိုယ်တိုင်သွားရောက် ရောင်းချခြင်းဖြင့်လည်းကောင်း၊ Online/ Offline ဖြင့် ပြည်တွင်း၊ ပြည်ပအသင်းတော်များ၊ ကျမ်းစာကျောင်းများ၊ အဖွဲ့အစည်းစာအုပ်ဆိုင်များသို့ ဘဏ်ငွေလွှဲ (သို့) Kpay ငွေလွှဲစနစ်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့တွင်းကို Delivery ဖြင့်လည်း ဖြန့်ချိလျက်ရှိပါသည်။ ၄င်းအပြင် မွေးနေ့တော်မြတ်ဆိုင်ရာခရစ္စမတ်ဝေစာ၊ ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာအီစတာဝေစာ၊ လမ်းနှစ်သွယ်နှင့်မင်္ဂလာရှိသော သတင်းစကား စသည့်ဝေငှလိဝေစာများ စိတ်ဒဏ်ရာများငြိမ်းဖို့ရာထာဝရဘုရားကိုကိုးစားပါဝေစာများကို  အောက်ပါအတိုင်းအခမဲ့ဖြန့်ချိနိုင်ခဲ့ပါသည်။

| Year | Description | Sales Bookshop | Bill | Free Grant | Total |
|---|---|---|---|---|---|
| 2024 | Bible | 16,474 | 19,488 | 213 | 36,175 |
| | New Testament | 1,203 | 4,587 | 249 | 6,039 |
| | Portion | 18,018 | - | 677 | 18,695 |
| | New Reader Portion | 2,194 | - | - | 2,194 |
| | Selection | 4,565 | - | 410,000 | 414,565 |
| | Total | 42,454 | 24,075 | 411,139 | 477,668 |
| 2025 | Bible | 27,624 | 5,044 | 118 | 32,786 |
| | New Testament | 526 | - | 3 | 529 |
| | Portion | 27,429 | - | 1,510 | 28,939 |
| | New Reader Portion | 4,006 | - | - | 4,006 |
| | Selection | 6,827 | - | 550,003 | 556,830 |
| | Total | 66,412 | 5,044 | 551,634 | 623,090 |

## ၄။ အမှုတော်အတွက်ရန်ပုံငွေတိုးတက်မှု

၂၀၂၄ ခုနှစ် နှင့်၂၀၂၅ ခုနှစ်အတွင်း ရန်ပုံငွေတိုးတက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | အကြောင်းအရာ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|
| ၁။ | အသင်းတော်များ | ၂၅၉,၅၈၂,၂၆၅ | ၂၉၇,၆၇၄,၈၄၁.၉၆ |
| ၂။ | စာအုပ်ငယ်ဖြင့်အလှူငွေ | ၂၀,၂၆၁,၃၀၀ | ၂၄,၂၀၂,၇၅၀.၀၀ |
| ၃။ | ပံ့ပိုးသူအသင်းသားများ | ၅,၃၄၆,၆၀၀ | ၈,၁၀၂,၁၀၀.၀၀ |
| ၄။ | ကျမ်းပိုင်းငယ်များ | ၄,၅၉၅,၀၀၀ | ၇,၅၇၃,၅၀၀.၀၀ |
| ၅။ | အထူးအလှူငွေ | ၅,၄၀၂,၂၀၀ | ၃၃,၂၀၉,၅၀၂.၅၆ |
| | **စုစုပေါင်း** | **၂၉၅,၁၈၇,၃၆၅** | **၃၇၀,၇၆၂,၆၉၄.၅၂** |

**၅။ ရန်ပုံငွေမြှင့်တင်ရေးနှင့်အသင်းတော်ဆက်ဆံရေးလုပ်ငန်း**

(၁) ၂၀၂၅ ဩဂုတ်လ သမ္မာကျမ်းစာနေ့ တရားပလ္လင်လဲလှယ်ခြင်းကို နယ်မြို့ ၂၈ မြို့၊ အသင်းတော် ၈၇ ပါး၊ ရန်ကုန်မြို့တွင်းအသင်းတော် ၁၉၁ ပါး သို့ကိုယ်စားလှယ်များစေလွှတ်နိုင်ခဲ့ပါသည်။

(၂) လက်ရှိကျမ်းစာအသင်းပံ့ပိုးသူအသင်းသား (၄၅၂) ဦးရှိပြီး၊ တစ်ဦးချင်းစာအုပ်ငယ်ဖြင့် အလှူငွေကောက်ခံပေးသူ (၃၀) ဦးရှိပါသည်။

(၃) သမ္မာကျမ်းစာအမှုတော်လုပ်ငန်း ပိုမိုကျယ်ပြန့်စေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၆ မတ်လ ၂၀ ရက်နေ့၌ ဟင်္သာတမြို့တွင် စီမံရေးရာအတွင်းရေးမှူး နော်မေးရီယာဟဲသောထူးနှင့် ဘာသာပြန်အတိုင်ပင်ခံသိက္ခာတော်ရဆရာမနန့်အေးအေးချစ်တို့မှ ဦးဆောင်ပြုလုပ်ခဲ့ပါသည်။

## ၆။ မိတ်ဖက်သာသနာ့အဖွဲ့အစည်းများ

### ၆ (က)။ Summer Institute of Linguistics (SIL)

မြန်မာနိုင်ငံအတွင်းတိုင်းရင်းသားဘာသာစကားများဖော်ထုတ်ခြင်းနှင့် ကျမ်းစာဘာသာပြန်လုပ်ငန်းလုပ်ဆောင်နေသော SIL အဖွဲ့နှင့်အတူလုပ်ငန်းများကို ဆက်လက်၍ လက်တွဲအကောင်အထည်ဖော်နေပါသည်။

### ၆ (ခ)။ Faith Comes By Hearing (FCBH)

သမ္မာကျမ်းစာအသံသွင်းခြင်းလုပ်ငန်းကို ပြည်ပအဖွဲ့အစည်းများဖြစ်သော Faith Comes By Hearing နှင့် ၂၀၀၇ ခုနှစ်မှစ၍ လက်တွဲလျှက်ရှိရာ (၁၉) နှစ်ကျော်အတွင်း ဘာသာစကား (၂၇) မျိုးဖြင့်အသံသွင်းနိုင်ခဲ့ပါသည်။

ယခုနှစ်တွင် FCBH နှင့်အတူ Davar Audio Bibles တို့ပူးပေါင်းလုပ်ဆောင်ခဲ့ရာ

- ၂၀၂၅ ဇန်နဝါရီလမှမတ်လအတွင်းဂေဘားဓမ္မသစ်ကျမ်းကိုလည်းကောင်း၊
- ဧပြီလမှဇွန်လအတွင်း လူသူဓမ္မသစ်ကျမ်းကိုလည်းကောင်း၊
- ဇူလိုင်လမှစက်တင်ဘာလအတွင်း ခူမီးဓမ္မသစ်ကျမ်းကိုလည်းကောင်း၊

- အောက်တိုဘာလမှဒီဇင်ဘာလအတွင်း အဆန်ခေါင်ဆိုဓမ္မသစ်ကျမ်းကိုလည်း ကောင်း၊
- ၂၀၂၅ ဩဂုတ်လမှ ၂၀၂၆ ဖေဖော်ဝါရီလအတွင်း တီးတိန်ချင်းဓမ္မဟောင်းကျမ်းကိုလည်းကောင်း၊
- ၂၀၂၆ ဇန်နဝါရီမှ ဧပြီလဆန်းအတွင်း လေးမြိုဓမ္မသစ်ကျမ်းကိုလည်းကောင်းကောင်းမွန်စွာအသံသွင်းနိုင်ခဲ့ပါသည်။
- ၂၀၂၆ မတ်လမှစတင်ကာ လူသူဗ်ဓမ္မဟောင်းကျမ်းကိုလည်းကောင်း၊
- ဧပြီလမှစတင်ကာ ပိုးကရင်ဓမ္မသစ်ကျမ်းကိုလည်းကောင်း အသံသွင်းလျှက်ရှိပါသည်။

## ၆ (ဂ)။ Literacy and Language Development for the Deaf

Literacy and Language Development for the Deaf - LLDD နားမကြားသူများစာတတ်မြောက်ရေးနှင့် ဘာသာစကားဖွံ့ဖြိုးရေးအဖွဲ့ တို့နှင့် လက်တွဲလုပ်ဆောင်လျက်ရှိရာ တမန်တော်ဝတ္ထုကိုအခြေခံသော Serve God How Series ကိုဘာသာပြန်ပြီးစီးခဲ့ပါသည်။ ၂၀၂၇ ခုနှစ်မှစတင်ကာ နားမကြားသူများအတွက်သမ္မာကျမ်းစာဘာသာပြန်ရန်စီစဉ်လျက်ရှိပါသည်။

## ၇။ ပြည်တွင်း၊ ပြည်ပသင်တန်းနှင့်အစည်းအဝေးများ

အစီရင်ခံသောကာလအတွင်း အောက်ပါအတိုင်း အစည်းအဝေးနှင့်သင်တန်းများတက်ရောက်ခဲ့ပါသည်။

(၁) အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဒေါက်တာစောရှုမိုအေးလတောသည်

- ၂၀၂၅ ဇူလိုင်လ ၃ ရက်နေ့ Close The Bible Gap အစီအစဉ်သို့ FCBH မှခေါင်းဆောင်များ၊ One Hope International မှခေါင်းဆောင်တို့နှင့် အတူ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်လည်းကောင်း၊
- ၂၀၂၅ ဇူလိုင်လ (၂၁-၂၅) ရက်နေ့ 2025 UBS Asia Pacific Catholic Affinity Group Consultation, Mongolia တွင်လည်းကောင်း၊
- ၂၀၂၅ စက်တင်ဘာလ (၁၆-၁၉) ရက်နေ့ 2025 Colombo Bible Engagement Forum, Srilanka တွင်လည်းကောင်း၊
- ၂၀၂၅ စက်တင်ဘာလ (၃၀) မှ အောက်တိုဘာလ (၂) ရက်နေ့အထိ 2025 Asia Pacific Gathering နှင့် Japan Bible Societies ၏ နှစ် ၁၅၀ ပြည့်ယုဘီလပွဲကို Japan, Tokyo မြို့တွင်လည်းကောင်း၊
- ၂၀၂၅ နိုဝင်ဘာလ (၂၅-၂၆) ရက်နေ့ Mekong Cluster Meeting ကို မြန်မာနိုင်ငံကျမ်းစာအသင်းတွင်လည်းကောင်း၊

- ၂၀၂၆ ခု၊ မတ်လ (၁၈-၂၀) ရက်အတွင်း Asia Collaboration on Translation Meeting ကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်လည်းကောင်း၊
- ၂၀၂၆ မေလ (၅-၁၂) ရက်နေ့ UBS Fellowship Event ကို ဘာသာပြန်ဌာနအတွင်းရေးမှူးဆရာဇေဇောင်းနှင့်အတူ အင်ဒိုနီးရှားနိုင်ငံတွင်လည်းကောင်း၊

(၂) စီမံရေးရာအတွင်းရေးမှူး နော်မေးရီယာဟဲသောထူးသည် ၂၀၂၆ မတ်လ (၁၆-၁၇) ရက် UBS Asia Pacific Fundraising Workshop ကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်လည်းကောင်း၊

(၃) CAP တာဝန်ခံထောင်းကွပ်တုန်းနှင့် ပုံနှိပ်ထုတ်ဝေရေးလက်ထောက်အတွင်းရေးမှူးစောလေးမူးဆရီးတို့သည် ၂၀၂၆ မေလ (၁၂-၁၆) ရက်နေ့တွင် EMDC ၏အစီအစဉ်ဖြင့် Scripture App Builder, Ptxprint နည်းပညာသင်တန်းကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

**၈။ ဝန်ထမ်းရေးရာ**

(၁) ၂၀၂၅ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ဖြန့်ချိရေးနှင့်အရောင်းလက်ထောက်စောလေးမူးဆရီးအား ပုံနှိပ်ထုတ်ဝေရေးဌာန၏ လက်ထောက်အတွင်းရေးမှူးအဖြစ်ခန့်အပ်ခဲ့ပါသည်။

(၂) အပတ်စဉ်တနင်္လာနေ့တိုင်း ဝန်ထမ်းများကောက်ခံရရှိသော အလှူငွေများဖြင့် ကွင်းဆင်းသာသနာပြုခြင်းအစီအစဉ်ကို ၂၀၂၅ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မှော်ဘီမြို့ ငြိမ်းချမ်းသာယာကျေးရွာတွင်နေထိုင်သော ပလက်ဝမ်စစ်ရှောင်မိသားစု အိမ်ထောင်စု (၂၇) စုထံသို့ မေတ္တာပြသွားရောက်ပေးလှူနိုင်ခဲ့ပါသည်။

(၃) ဝန်ထမ်းများအားသစ်လောင်းအစီအစဉ်ကို ၂၀၂၆ ဖေဖော်ဝါရီလ ၂-၄ရက်နေ့တွင် ပုသိမ်မြို့၊ ငွေဆောင်တွင်ပြုလုပ်ခဲ့ပါသည်။

(၄) ဖြန့်ချိရေးနှင့်အရောင်းဌာနလက်ထောက် မသက်မာအောင်၏ဖခင်ဦးထွန်းအောင် (၈၉) နှစ်သည် ၂၀၂၅ နိုဝင်ဘာလ ၂၆ ရက်နေ့၌သထုံမြို့တွင် ဘုန်းတော်ဝင်စားပါသည်။

(၅) ရန်ပုံငွေမြှင့်တင်ရေးနှင့် အသင်းတော်ဆက်ဆံရေးဌာန အတွင်းရေးမှူးသိက္ခာတော်ရဆရာမန်းအောင်ဇော်မိုးသည် မိမိသဘောဆန္ဒအရအလုပ်တာဝန်မှအနားယူရန်တောင်းခံခြင်းကို ၂၀၂၆ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍အနားယူခွင့်ပြုခဲ့ပါသည်။

(၆) မြန်မာနိုင်ငံကျမ်းစာအသင်းတွင် (၁၉၈၅-၂၀၁၈) အထိ ငွေစာရင်းကိုင်အဖြစ်ဆက်ကပ်အစေခံခဲ့သော (အငြိမ်းစားဝန်ထမ်း) ဆရာမဒေါ်လွင်လွင်အောင် (၆၈) နှစ်သည် ၂၀၂၆ ဧပြီလ ၁၉ ရက်နေ့တွင်ဘုန်းတော်ဝင်စားခဲ့ပါသည်။

**၉။ စာပေတတ်မြောက်ရေးစီမံကိန်း**

ကရင်နှစ်ခြင်းအဖွဲ့ချုပ်နှင့်ပူးပေါင်းကာ စကောကရင်စာပေတတ်မြောက်ရေးဆိုင်ရာသင်ခန်းစာများကို ၂၀၂၅ ခုနှစ်အတွင်း အဆုံးသတ်လုပ်ဆောင်နိုင်ခဲ့ပြီး၊ ၂၀၂၆ ခုနှစ်မှစတင်ကာ ဂေဘားစာပေတတ်မြောက်ရေးလုပ်ငန်းကို လုပ်ဆောင်လျက်ရှိပါသည်။

**၉ (က)။ စာပေတတ်မြောက်ရေးဆိုင်ရာသင်တန်းများ**

(၁) UBS မှဦးဆောင်သော Literacy Officer in Training (LOiT) စာပေတတ်မြောက်ရေးဆိုင်ရာသင်တန်းကို ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ၂၀၂၅ ဧပြီလ (၁-၁၀) ရက်နေ့တွင် ဆရာဇေဇော်၊ ဆရာမဂေးဘာလူဖောတို့ တက်ရောက်ခဲ့ပါသည်။

(၂) ဂေဘားစာပေသင်ရိုးညွှန်းတမ်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိမြန်မာနိုင်ငံကျမ်းစာအသင်း၌ ၂၀၂၆ မေလ (၄-၈) ရက်နေ့အတွင်းလုပ်ဆောင်ခဲ့ပါသည်။ UBS မှ Global Literacy advisor Cito Casquite မှဦးဆောင်ခဲ့ပါသည်။

**၁၀။ ၂၀၂၅ သမ္မာကျမ်းစာနေ့နှင့်ပြိုင်ပွဲများ**

၂၀၂၀ မှစ၍ ကပ်ရောဂါနှင့်တိုင်းပြည်အခြေအနေများကြောင့် သမ္မာကျမ်းစာနေ့ Online Worship Service ဝတ်ပြုကိုးကွယ်ခြင်းပြုလုပ်ခဲ့ပါသည်။ နှစ်စဉ်ဇွန်လမှစ၍ ဩဂုတ်လအထိ အပတ်စဉ်စနေနေ့တိုင်း အဓိကအချက်ခေါင်းစဉ်ဖြင့် သာသနာ့ခေါင်းဆောင်များ၏ ဓမ္မဒေနာများကို The Bible Society of Myanmar facebook မှထုတ်လွှင့်နိုင်ခဲ့ပါသည်။ အသင်းတော်အသီးသီးမှလည်း Online ကိုအသုံးပြုကာ ZOOM ဖြင့်ဝတ်ပြုခြင်း၊ ပြိုင်ပွဲများကျင်းပခြင်း၊ သက်သေခံခြင်း၊ အသံမစဲကွင်းဆက်ကျမ်းစာဖတ်ခြင်းများ ပြုလုပ်ကြပါသည်။

၂၀၂၅ ဩဂုတ်လ တတိယအပတ် (သမ္မာကျမ်းစာနေ့အကြိုရက်သတ္တပတ်လုံး) တွင် သမ္မာကျမ်းပဟေဠိများ၊ သမ္မာကျမ်းပါရုပ်ပြပဟေဠိများ၊ မှားမှန်ရောထွေးအမှန်ရွေးတို့ကို The Bible Society of Myanmar facebook မှတင်ခဲ့ရာစိတ်ဝင်စားစွာဖြေဆိုကြသည်ကိုတွေ့ရပါသည်။

၂၀၂၅ ၏အဓိကအချက် **"ငြိမ်းချမ်းသာယာပျော်ရွှင်ဖို့၊ ဘုရားနှုတ်ကပတ်တော်ကိုမျှော်လင့်စို့"** Theme Song ကို ဆရာအစောင်းမန်းမှမေတ္တာဖြင့်ရေးစပ်ပေးကာ၊ တေးဆို ဝင်းမင်းဦး နှင့် Vronica တို့ပါဝင်ဆက်ကပ်သီဆိုထားပါသည်။ Theme Song ပြိုင်ပွဲ၊ သမ္မာကျမ်းစာလက်ရေးမူပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများကို Online ဖြင့်ကျင်းပခဲ့ရာ သမ္မာကျမ်းစာလက်ရေးမူတွင် အသက် ၃၀ နှစ်အောက် သက်ငယ်တန်း (ကောရိန္သုဩဝါဒစာဒုတိယစောင် အခန်းကြီး ၁၀ မှ ၁၃)၊ ပြိုင်ပွဲဝင်သူ (၂၀) ဦး၊ ၃၁ နှစ်အထက်သက်ကြီးတန်း (ယေရမိအနာဂတ္တိကျမ်း အခန်းကြီး ၂၉ မှ ၃၁)၊ ပြိုင်ပွဲဝင်သူ (၂၀) ဦး၊ စုစုပေါင်း (၄၀) ဦး၊ Cover Song ပြိုင်ပွဲတွင် (၁၃)ဖွဲ့၊ ဆောင်းပါးပြိုင်ပွဲတွင် (၂၁) ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပါသည်။

**သမ္မာကျမ်းစာလက်ရေးမူပြိုင်ပွဲ (ကောရိန္သုဩဝါဒစာဒုတိယစောင်အခန်းကြီး ၁၀-၁၃) ၃၀နှစ် အောက် သက်ငယ်တန်းတွင်**

| | | |
|---|---|---|
| ပထမဆု | - | နော်ခရစ္စတင်းဘွေကပေါ် |
| ဒုတိယဆု | - | မနာဘိုရှိုး |
| တတိယဆု | - | Cing Sian Vung |
| နှစ်သိမ့်ဆု | - | နော်အယ်ဝါးဖော |
| နှစ်သိမ့်ဆု | - | မဒိမ့်နဲမ်းဟွဲ့ |

**သမ္မာကျမ်းစာလက်ရေးမူပြိုင်ပွဲ (ယေရမိအနာဂတ္တိကျမ်းအခန်းကြီး၂၉-၃၁) ၃၁နှစ် အထက် သက်ကြီးတန်းတွင်**

| | | |
|---|---|---|
| ပထမဆု | - | မလျှန်သျှန်းဝုန် |
| ဒုတိယဆု | - | Naw Rebecca Htet |
| တတိယဆု | - | နော်စိုးဂေးငြိမ်း |
| နှစ်သိမ့်ဆု | - | အယ်လ်ဂျာဘောက် |
| နှစ်သိမ့်ဆု | - | နော်ဂျူလီယာပန်းဖူး |

**Cover Song ပြိုင်ပွဲတွင်**

| | | |
|---|---|---|
| ပထမဆု | - | AK Karen |
| ဒုတိယဆု | - | Presbyterian Church of Myanmar, Yangon |
| တတိယဆု | - | Rose of Sharon Youth, Pyin Oo Lwin |
| နှစ်သိမ့်ဆု | - | St. Andrew Church, East Dagon |
| နှစ်သိမ့်ဆု | - | Cope Memorial Baptist Church |

**ဆောင်းပါးပြိုင်ပွဲ**

ပထမဆု - စောချစ်ထွန်း
ဒုတိယဆု - ရွှေနှင်းဆီ
တတိယဆု - ဦးမြင့်အောင်
နှစ်သိမ့်ဆု - မော်ဟေဂေဘော်မြာ
နှစ်သိမ့်ဆု - မဟောက်ငိုက်ကျိန်

ကျမ်းစာအသင်းသည် ခက်ခဲသောစိန်ခေါ်မှုကိုရင်ဆိုင်ကာ ရရှိနိုင်သည့်အခွင့်အလမ်းများကိုအသုံးချပြီး သမ္မာကျမ်းစာသာသနာလုပ်ငန်းများကို တိုး၍ဆောင်ရွက်နိုင်ရန်ပြင်ဆင်နေပါသည်။ Media ကိုအသုံးချပြီး သမ္မာကျမ်းစာအမှုတော်လုပ်ငန်းဌာနအသီးသီးတွင် ထိရောက်စွာလုပ်ဆောင်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။ ထို့ကြောင့် အတွေ့အကြုံ ရှိ၍ကျွမ်းကျင်သောပုဂ္ဂိုလ်များမှ ပို၍ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် အကြံပေးစေလိုပါသည်။

**၁၁။ ကျမ်းစာအသင်းခြံလုပ်ငန်း**

ကျမ်းစာအသင်းပိုင်ခြံများဖြစ်သော ကော့မှူးမြို့နယ်၊ မကျီးကန်ကျေးရွာရှိခြံမှ ဝါးများရောင်းချရာ ၂၀၂၅ ခုနှစ်တွင်ကျပ် (၈) သိန်းခန့်ရရှိပါသည်။ မှော်ဘီမြို့နယ် နှောကုန်းကျေးရွာရှိခြံတွင် ၂၀၂၅ ရာသီအလိုက်သီးနှံများစိုက်ပျိုးရန် ကျပ် (၂၇) သိန်းရင်းနှီးမတည်ခဲ့ရာ ကျပ် (၈) သိန်းခန့်ရရှိပါသည်။ နှောကုန်းကျေးရွာရှိစိုက်ပျိုးရေးခြံကိုလိုအပ်ချက်အရ နေအိမ်ပြန်လည်ပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**၁၂။ Come Follow Me Camping, Identity: Identified Program**

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကျမ်းစာအသင်းတို့ပူးတွဲ၍ Come Follow Me Camping, Identity: Identified Program အစီအစဉ်တွင် ထူးခြားသောကိုယ်ပိုင်ဘဝပုံရိပ်ခေါင်းစဉ်ဖြင့် လူငယ်များအတွက် သမ္မာကျမ်းစာအုပ်ကို Protestant Version and Catholic Version တို့ဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ Identity: Identified (Myanmar) YouTube.com နှင့် Identity: Identified - Myanmar Yangon facebook.com တွင်လည်းဝင်ရောက်ကြည့်ရှုလေ့လာဖတ်ရှုနိုင်ရန် စီစဉ်ထုတ်လုပ်ထားပါသည်။

စာအုပ်မိတ်ဆက်ခြင်းအစီအစဉ်ကို ၂၀၂၆ ခု၊ မတ်လ (၄) ရက်နေ့၌ ရန်ကုန်မြို့ရှိ Methodist English Church တွင်ပြုလုပ်ကျင်းပခဲ့ရာ လူဦးရေ (၅၀) ပါဝင်တက်ရောက်ခဲ့ပါသည်။

## ၁၃။ Trauma Healing

Literature Social Development Organization ၏ဦးဆောင်မှုဖြင့် Trauma Healing Equipping Training ၏နောက်ဆက်တွဲအစီအစဉ်ကို မြန်မာနိုင်ငံကျမ်းစာအသင်းတွင် (၂) ကြိမ်၊ အမျိုးသားချင်းထောက်ပံ့သည့်ကရင်သာသနာပြုအသင်းတွင် (၁) ကြိမ်၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်တွင် (၁) ကြိမ် (ငလျင်ဒေသ) များတွင် ဆင့်ပွားသင်တန်းများလုပ်ဆောင်ခဲ့ပါသည်။

## ၁၄။ လူမှုကယ်ဆယ်ရေးလုပ်ငန်းများ

မြန်မာနိုင်ငံကျမ်းစာအသင်းမှ ၂၀၂၅ မေလအတွင်း ငလျင်ဘေးဒဏ်ကြုံတွေ့ရင်ဆိုင်နေရသော စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ နေပြည်တော်ကောင်စီမြို့နယ်ရှိ အသင်းတော်နှင့်မိသားစုများထံသို့ ဝန်ထမ်းများကိုယ်တိုင်သွားရောက်ကာ မေတ္တာပြခြင်း၊ ရေသန့်များပေးလှူခြင်း၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများ၊ ဆိုလာမီး၊ ကျမ်းစာအုပ်များ၊ ဘုရားကျောင်းများအတွက် တရားပလ္လင်သုံးကျမ်းစာအုပ်များ ပေးလှူနိုင်ခဲ့ပါသည်။ အရှိုချင်းနှစ်ခြင်းအသင်းတော်နှင့် ရေဆင်းခရစ်ယာန်အသင်းတော်တို့ အတွက် ဘုရားကျောင်းများပြန်လည်မွမ်းမံရန် အသင်းတော်တစ်ပါးလျှင် ကျပ်သိန်းသုံးဆယ်ပေးလှူကူညီနိုင်ခဲ့ပါသည်။ ၂၀၂၅ ဇူလိုင်လအတွင်း အင်းလေးဒေသနှင့် ပျော်ဘွယ်မြို့ရှိ ငလျင်ဘေးဒဏ်သင့်သူများထံသို့ ဥက္ကဌ Bishop ဦးမြတ်ဆန်း၊ အထွေထွေအတွင်းရေးမှူး Rev. Dr. စောရှမိုအေးလတောတို့မှသွားရောက်ကာ ခွန်အားပေးခြင်း၊ ဆုတောင်းပေးခြင်း၊ ထရံကာအိမ်အသစ် (၅)လုံးအတွက် ကျပ်သိန်းနှစ်ရာ့ငါးဆယ်ပေးလှူနိုင်ခဲ့ပါသည်။

## ၁၅။ မိုဘိုင်းတယ်လီဖုန်းနှင့်ကွန်ပျူတာမှကျမ်းစာဖတ်ရှုနားထောင်ခြင်း

မြန်မာနိုင်ငံကျမ်းစာအသင်းမှပိုင်ဖြစ်သော ကျမ်းစာဘာသာစကား (၃၆) မျိုးပါ Myanmar Bible App Developer Dr. Cing Sian Dal ၏ကူညီမှုဖြင့် iOS ဖုန်းတွင် ဖတ်နိုင်ပြီဖြစ်ပါသည်။ Android ဖုန်းအတွက်လည်း ကျမ်းစာများကိုနောက်ဆုံးပုံနှိပ်ခဲ့သော Version များဖြင့်လဲလှယ်ကာ App Upgrade လုပ်ဆောင်ထားပြီး မြန်မာသမ္မာကျမ်းစာ (Judson) ကို အသံဖြင့်ပါနားထောင်နိုင်ပါသည်။

App ဖြင့်ဖတ်ရှုနိုင်သောကျမ်းဘာသာစကားများမှာ Myanmar (Judson), Myanmar (CL), Myanmar (Garrad), Asang (Khongso) NT, Cho, Falam, Geba NT (Non-Roman Script), Geba NT (Roman Script), Hakha, Hawa Naga, Jinghpaw (Hanson), Jinghpaw (CL), Khongso NT, Khualsim, Khumi,

Lacid, Lemi NT, Lemyo NT, Lhaovao, Lutuv, Makuri NT, Matu NT, Mro NT, Ngawn, Ngochang, Paoh, Pwo, Sgaw (Mason), Sgaw (CL), Siyin, Tedim, Tedim 77, Wa, Zanniat, Zo, Zotung တို့ဖြစ်ပါသည်။

**နိဂုံး**

